ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)
Email: teamseckscc@protonmail.com

# (၁၄၈) ကြိမ်မြောက် ကရင်နီအမျိုးသားနေ့သို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီမှ ပေးပို့သော သဝဏ်လွှာ

နေ့စွဲ ။ ။ ၂၀၂၃ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့

ယနေ့သည် ပထမကမ္ဘာစစ်မတိုင်မီအစောပိုင်းကာလတွင် ဗြိတိသျှအင်ပါယာနှင့် ဗမာဘုရင်တို့မှ အနောက်ကရင်နီပြည်ကို ဝင်ရောက်ကျူးကျော်နေမှုများရှိခဲ့ပြီး ယင်းအခြေအနေအားရပ်တန့်ရန်နှင့် ကရင်နီကို သီးခြားလွတ်လပ်သောပြည်အဖြစ် အသိအမှတ်ပြုနိုင်ရန်အတွက် စွမ်းဆောင်နိုင်ခဲ့သည့် ကရင်နီ အမျိုးသား ခေါင်းဆောင်များ၏ နိုင်ငံရေးရေချိန်နှင့် သံတမန်ဆက်ဆံရေးစွမ်းရည်ကို သမိုင်းအစဉ်အဆက် မှတ်တမ်းတင် ဂုဏ်ယူရမည့် နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ဗြိတိသျှအင်ပါယာနှင့် ကင်းဝန်မင်းကြီးတို့၏ ကရင်နီနယ်၏ လွတ်လပ်စွာတည်ရှိမှုကို နှစ်ဖက်လုံးကလက်ခံပြီး စာချုပ်ချုပ်ဆိုခဲ့သော နေ့ထူးနေ့မြတ်ဖြစ်သည့် ၁၈၇၅ ခုနှစ် ဇွန်လ (၂၁) ရက်နေ့ကို ကရင်နီအမျိုးသားနေ့အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့တွင် (၁၄၈) ကြိမ်မြောက်ပြီ ဖြစ်သည်။

ယနေ့ မိမိတို့ပြည်နယ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့၊ အကြမ်းဖက်စစ်တပ်မှ မတရား အာဏာသိမ်းယူရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် စစ်အာဏာရှင်အား ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ တော်လှန်နေသည့်ကာလဖြစ်သကဲ့သို့ အကြပ်အတည်းပေါင်းစုံ ရင်ဆိုင်နေရသည့်ကာလလည်းဖြစ်ပေသည်။ စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ကျဆုံးရေးသည် ကျွနိုပ်တို့အားလုံး၏ တူညီသော ရည်မှန်းချက်ပန်းတိုင် ဖြစ်သောကြောင့် ညီညွတ်သောပေါင်းစည်းမှုနှင့် အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်ကြရန် အထူး တိုက် တွန်းလိုပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီသည်လည်း ကရင်နီအမျိုးသားနေ့ကိုတိုင်တည်၍ ပြည်သူ လူထု တစ်ရပ်လုံး၏ လူထုတော်လှန်ရေးတွင် မိမိတို့၏ နိုင်ငံရေးဦးတည်ချက်များဖြစ်သော စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှချုပ်ငြိမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေး၊ အမျိုးသားတန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား အပြည့်အဝအာမခံပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်အား အခြေခံသည့် ဖွဲ့စည်းပုံတစ်ရပ်ပေါ်ထွန်းရေးတို့အပြင် မိမိတို့ပြည်နယ်အတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့် အဝ ကျင့်သုံးဖော်ဆောင်နိုင်ရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားမည်ဟု ကတိသစ္စာ ပြုရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ